Core Humanitarian Standard

# အရည်အသွေးနှင့် တာဝန်ခံယူမှုဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု အဓိက စံသတ်မှတ်ချက်

၂၀၂၄ ထုတ်ဝေမှု

မူပိုင်ခွင့် အားလုံးရရှိပြီးဖြစ်သည်။ အရည်အသွေးနှင့် တာဝန်ခံယူမှုဆိုင်ရာ လူသားချင်းစာနာ
ထောက်ထားမှု အဓိက စံသတ်မှတ်ချက် (CHS) သည် ပွင့်လင်းသော စံသတ်မှတ်ချက်ဖြစ်ပြီး
သက်ဆိုင်သူများ များနိုင်သမျှများများ အသုံးပြုရန် တိုက်တွန်းထားသည်။ ဤစာတမ်းပါအချက်များ
ကို ကူးယူဖော်ပြမှုဆိုင်ရာ မူပိုင်ခွင့်များကို CHS Alliance, Groupe URD နှင့် Sphere တို့မှ
ပိုင်ဆိုင်သည်။ မူပိုင်ခွင့်ပိုင်ရှင်များသည် CHS ကို ကိုးကားဖော်ပြပါက သင်တန်းပေးခြင်း၊
သုတေသနနှင့် လုပ်ငန်းအစီအစဉ်များ အပါအဝင် ပညာပေးရေးလုပ်ငန်းများအတွက် ပြန်လည်ထု
တ်ဝေခြင်းကို ကြိုဆိုပါသည်။ CHS ၏ အစိတ်အပိုင်းအားလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို
ဘာသာပြန်ဆိုခြင်း သို့မဟုတ် ပြောင်းလဲအသုံးပြုခြင်း ပြုလုပ်ရန်အတွက်
chs@chsalliance.org သို့ အီးမေးလ်ဖြင့် စာရေးသား၍ ခွင့်ပြုချက် ရယူရမည်ဖြစ်သည်။

ဒုတိယအကြိမ် ထုတ်ဝေမှု- ၂၀၂၄

# မာတိကာ


## နိဒါန်း ၀၂

## ကတိကဝတ် ၉ ချက် ၀၄

ဘေးဒုက္ခနှင့် ထိခိုက်ခံစားလွယ်သောအခြေအနေရှိ ရပ်ရွာလူထုနှင့် ပြည်သူများသည်...

၁။ ၎င်းတို့ကို သက်ရောက်သော လုပ်ငန်းများနှင့် ဆုံးဖြတ်ချက်များတွင် ၎င်းတို့၏ ရပိုင်ခွင့်များကို အသုံးပြုနိုင်ပြီး ပါဝင်ဆောင်ရွက်နိုင်ခြင်း။ ၀၆

၂။ ၎င်းတို့၏ သီးခြားလိုအပ်ချက်များနှင့် ဦးစားပေးအချက်များနှင့်အညီ အချိန်မီပြီး ထိရောက်သော ပံ့ပိုးကူညီမှုများကို ရရှိခြင်း။ ၀၇

၃။ အလားအလာရှိသော အကျပ်အတည်းများအတွက် ပိုမိုကောင်းမွန်စွာ ပြင်ဆင်ထားပြီး ပိုမို ခံနိုင်ရည်ရှိခြင်း။ ၀၈

၄။ လူသားများ သို့မဟုတ် ပတ်ဝန်းကျင်ကို ထိခိုက်မှုမဖြစ်စေသော ပံ့ပိုးကူညီမှုများကို ရရှိခြင်း။ ၀၉

၅။ စိုးရိမ်ပူပန်မှုများနှင့် တိုင်ကြားချက်များကို ဘေးကင်းစွာ တင်ပြနိုင်ပြီး ဖြေရှင်းဆောင်ရွက်ပေးခြင်းကို ရရှိခြင်း။ ၁၀

၆။ ညှိနှိုင်းဆောင်ရွက်ထားပြီး ဖြည့်စွက်ပေးသော ပံ့ပိုးကူညီမှုများကို ရရှိခြင်း။ ၁၁

၇။ အကြံပြုတုံ့ပြန်ချက်နှင့် သင်ယူမှုအပေါ် အခြေခံ၍ စဉ်ဆက်မပြတ် လိုက်လျောညီထွေဖြစ်အောင် ပြုလုပ်ထားပြီး တိုးတက်ကောင်းမွန်သော ပံ့ပိုးကူညီမှုများကို ရရှိခြင်း။ ၁၂

၈။ လေးစားမှုရှိသော၊ အရည်အချင်းပြည့်မီသော၊ စီမံခန့်ခွဲမှုကောင်းမွန်သော ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများနှင့် ဆက်ဆံဆောင်ရွက်ရခြင်း။ ၁၃

၉။ အရင်းအမြစ်များကို ကိုယ်ကျင့်တရားအရနှင့် တာဝန်ယူမှုရှိစွာ စီမံခန့်ခွဲထားခြင်းကို မျှော်လင့်နိုင်ခြင်း။ ၁၄

## ဝေါဟာရ အကျဉ်းချုပ် ၁၆

# နိဒါန်း

အရည်အသွေးနှင့် တာဝန်ခံယူမှုဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု အဓိက စံသတ်မှတ်ချက် (CHS) သည် အကျပ်အတည်းနှင့် ထိခိုက်ခံစားလွယ်သောအခြေအနေရှိ ရပ်ရွာလူထုနှင့် ပြည်သူများကို ၎င်းတို့၏ ရပိုင်ခွင့်များနှင့် ဂုဏ်သိက္ခာကို လေးစားသော နည်းလမ်းများဖြင့် ပံ့ပိုးကူညီရန်နှင့် ၎င်းတို့ရင်ဆိုင်နေရသော အကျပ်အတည်းများကို ဖြေရှင်းရာတွင် ၎င်းတို့၏ အဓိကအခန်းကဏ္ဍကို မြှင့်တင်ရန်အတွက် အဖွဲ့အစည်းများ လိုက်နာရမည့် ကတိကဝတ် ၉ ချက်ကို ချမှတ်ထားသည်။

CHS သည် ကမ္ဘာလုံးဆိုင်ရာ အသိအမှတ်ပြုထားသော၊ တိုင်းတာနိုင်သော စံသတ်မှတ်ချက်ဖြစ်သည်။ ၎င်းသည် ရပ်ရွာလူထုနှင့် ပြည်သူများအကြား၊ ၎င်းတို့ကို ပံ့ပိုးကူညီရန် လုပ်ဆောင်နေသူများအကြား တန်းတူညီမျှပြီး ပူးပေါင်းဆောင်ရွက်သော ဆက်ဆံရေးများကို မြှင့်တင်ပေးသည်။ ၎င်းသည် အာဏာမမျှတမှုများကို ဖြေရှင်းရန် ရည်ရွယ်သည်။ ၎င်းသည် ရပ်ရွာလူထုနှင့် ပြည်သူများကို တစ်ဦးချင်း သို့မဟုတ် စုပေါင်း၍ ပံ့ပိုးကူညီရန် လုပ်ဆောင်နေသူအားလုံးနှင့် သက်ဆိုင်ပြီး အသုံးချနိုင်သည်။ ၎င်းကို အောက်ပါတို့အတွက် မူဘောင်တစ်ခုအဖြစ် အသုံးပြုနိုင်သည်:

- ရပ်ရွာလူထုနှင့် ပြည်သူများကို ပံ့ပိုးကူညီသူများအား တာဝန်ယူမှုရှိစေရန် စွမ်းဆောင်ပေးခြင်း။
- အဖွဲ့အစည်းများနှင့် ၎င်းတို့၏ လုပ်ငန်းများ၏ အရည်အသွေးနှင့် တာဝန်ခံယူမှုကို မြှင့်တင်ခြင်း။
- အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကို အကဲဖြတ်စစ်ဆေးခြင်းနှင့် CHS ကတိကဝတ်များကို ဖြည့်ဆည်းရန်အတွက် ၎င်းတို့၏ သင်ယူမှုခရီးစဉ်ကို သရုပ်ပြခြင်း။
- အရည်အသွေးနှင့် တာဝန်ခံယူမှုကို သေချာစေရန် စုပေါင်းကြိုးပမ်းအားထုတ်မှုများကို မြှင့်တင်ခြင်း။

CHS သည် နိုင်ငံတကာမှ သဘောတူထားသော လူသားချင်းစာနာမှုဆိုင်ရာ မူများဖြစ်သည့် လူသားမျိုးနွယ်အပေါ် ကရုဏာထားမှု၊ ဘက်မလိုက်မှု၊ လွတ်လပ်မှုနှင့် ကြားနေမှုတို့အပေါ် အခြေခံထားသည်။ ၎င်းသည် Sphere Humanitarian Charter အပေါ် အခြေခံထားပြီး၊ ထိုပဋိညာဉ်သည် လူသားတို့၏ ဂုဏ်သိက္ခာဖြင့် အသက်ရှင်နေထိုင်ခွင့်၊ ပံ့ပိုးကူညီမှုနှင့် အကူအညီများ ရရှိပိုင်ခွင့်၊ ကာကွယ်စောင့်ရှောက်မှုနှင့် လုံခြုံရေးရရှိပိုင်ခွင့်တို့ကို ဖော်ပြထားသည်။ လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်းအခြေအနေများတွင် လုပ်ကိုင်နေသော အဖွဲ့အစည်းများသည် Sphere အနိမ့်ဆုံးစံနှုန်းများနှင့် လူသားချင်းစာနာမှုဆိုင်ရာ စံသတ်မှတ်ချက်များ မိတ်ဖက်အဖွဲ့ (Humanitarian Standards Partnership) ၏ အခြားစံသတ်မှတ်ချက်များနှင့် တွဲဖက်၍ CHS ကို အသုံးပြုရန် တိုက်တွန်းထားသည်။
CHS သည် အကျပ်အတည်းများကြောင့် ထိခိုက်ခံစားရသူများကို ကာကွယ်ရန်နှင့် ပံ့ပိုးရန်အတွက် နိုင်ငံတော်များနှင့် အခြားသက်ဆိုင်ရာ အာဏာပိုင်များ၏ အဓိကတာဝန်ကို အသိအမှတ်ပြုသည်။

**ကတိကဝတ် ၉ ချက်သည် ဘေးဒုက္ခနှင့် ထိခိုက်ခံစားလွယ်သော အခြေအနေရှိ ရပ်ရွာလူထုနှင့် ပြည်သူများသည် ၎င်းတို့ကို ပံ့ပိုး ကူညီသူများထံမှ မည်သည့်အရာများကို မျှော်လင့်နိုင်သည်ကို ဖော်ပြသည်။ ဤကတိကဝတ်များသည် အချင်းချင်း ဖြည့်ဆည်း ပေးပြီး CHS ၏ မရှိမဖြစ်လိုအပ်သော အစိတ်အပိုင်းများ ဖြစ်သည်။ ကတိကဝတ်တစ်ရပ်စီတိုင်းတွင် ၎င်းအား ရပ်ရွာလူထု နှင့် ပြည်သူများကို ပံ့ပိုးကူညီရာတွင် ပြည့်မီကြောင်း သေချာစေ ရန် မည်သည့်အရာများကို လုပ်ဆောင်ရန် လိုအပ်သည်ကို ဖော်ပြ သည့် လိုအပ်ချက်များ ပါဝင်သည်။**

## CHS ကို အသုံးချခြင်း

CHS ကတိကဝတ် ၉ ချက်နှင့် တွဲဖက်ပါဝင်သော လိုအပ်ချက်များကို အောင်မြင်စွာ ပြည့်မီစေ ရန်အတွက်၊ အဖွဲ့အစည်းများသည် ၎င်း၏ စနစ်တကျ အသုံးချနိုင်ရေးကို ပံ့ပိုးပေးမည့် လိုအပ်သော ခွင့်ပြုနိုင်သော ပတ်ဝန်းကျင် ရှိရမည်။ ၎င်းသည် အဖွဲ့အစည်း၏ တန်ဖိုးများ၊ လုပ်ငန်း ဆောင်ရွက်ပုံများ၊ အတွင်းပိုင်း နည်းလမ်းများနှင့် သက်ဆိုင်သူများနှင့် ဆက်ဆံရာတွင် အရည်အသွေးနှင့် တာဝန်ခံယူမှု ယဉ်ကျေးမှုကို အဖွဲ့အစည်း၏ အဆင့်နှင့် လုပ်ငန်းဆောင်တာ အားလုံးတွင် အသုံးချခြင်းနှင့် သရုပ်ပြခြင်းကို ဆိုလိုသည်။ ဤလုပ်ငန်းဆောင်ရွက်ပုံများနှင့် နည်းလမ်းများသည် အဖွဲ့အစည်း၏ မစ်ရှင်နှင့် တန်ဖိုးများ၊ လုပ်ငန်းလည်ပတ်သည့် အခြေအနေ၊ ၎င်း၏ လုပ်ဆောင်မှုများ၏ သဘောသဘာဝနှင့် ရပ်ရွာလူထုနှင့် ပြည်သူများ အပါ အဝင် ၎င်း၏ သက်ဆိုင်သူများနှင့် ဆက်ဆံရေးပေါ် မူတည်၍ ကွဲပြားနိုင်သည်။

# ကတိကဝတ် ၉ ချက်

## ဘေးဒုက္ခနှင့် ထိခိုက်ခံစားလွယ်သောအခြေအနေရှိ ရပ်ရွာလူထု နှင့် ပြည်သူများသည်...

| | |
|---|---|
| ၁ | ၎င်းတို့ကို သက်ရောက်သော လုပ်ငန်းများနှင့် ဆုံးဖြတ်ချက်များတွင် ၎င်းတို့၏ ရပိုင်ခွင့်များကို အသုံးပြုနိုင်ပြီး ပါဝင်ဆောင်ရွက်နိုင်ခြင်း။ |
| ၂ | ၎င်းတို့၏ သီးခြားလိုအပ်ချက်များနှင့် ဦးစားပေးအချက်များနှင့်အညီ အချိန်မီပြီး ထိရောက်သော ပံ့ပိုးကူညီမှုများကို ရရှိခြင်း။ |
| ၃ | အလားအလာရှိသော အကျပ်အတည်းများအတွက် ပိုမိုကောင်းမွန်စွာ ပြင်ဆင်ထားပြီး ပိုမို ခံနိုင်ရည်ရှိခြင်း။ |
| ၄ | လူသားများ သို့မဟုတ် ပတ်ဝန်းကျင်ကို ထိခိုက်မှုမဖြစ်စေသော ပံ့ပိုးကူညီမှုများကို ရရှိခြင်း။ |
| ၅ | စိုးရိမ်ပူပန်မှုများနှင့် တိုင်ကြားချက်များကို ဘေးကင်းစွာ တင်ပြနိုင်ပြီး ဖြေရှင်းဆောင်ရွက်ပေးခြင်းကို ရရှိခြင်း။ |
| ၆ | ညှိနှိုင်းဆောင်ရွက်ထားပြီး ဖြည့်စွက်ပေးသော ပံ့ပိုးကူညီမှုများကို ရရှိခြင်း။ |
| ၇ | အကြံပြုတုံ့ပြန်ချက်နှင့် သင်ယူမှုအပေါ် အခြေခံ၍ စဉ်ဆက်မပြတ် လိုက်လျောညီထွေဖြစ်အောင် ပြုလုပ်ထားပြီး တိုးတက်ကောင်းမွန်သော ပံ့ပိုးကူညီမှုများကို ရရှိခြင်း။ |
| ၈ | လေးစားမှုရှိသော၊ အရည်အချင်းပြည့်မီသော၊ စီမံခန့်ခွဲမှုကောင်းမွန်သော ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများနှင့် ဆက်ဆံဆောင်ရွက်ရခြင်း။ |
| ၉ | အရင်းအမြစ်များကို ကိုယ်ကျင့်တရားအရနှင့် တာဝန်ယူမှုရှိစွာ စီမံခန့်ခွဲထားခြင်းကို မျှော်လင့်နိုင်ခြင်း။ |

# အကျပ်အတည်းများကြောင့် ထိခိုက်ခံစားရသူများ

၁ ၎င်းတို့၏ အခွင့်အရေးများကို ကျင့်သုံးနိုင်၊ ဆုံးဖြတ်ရာတွင် ပါဝင်နိုင်

၂ အချိန်မှီ ထိရောက်သော အထောက်အပံ့ကို ရရှိနိုင်

၃ ပိုမိုပြင်ဆင်ထားပြီး ပိုမို ခံနိုင်ရည် ရှိလာနိုင်

၄ လူများ သို့မဟုတ် သဘာဝ ဝန်းကျင်ကို မထိခိုက်သော အထောက်အပံ့ကိုရနိုင်

၅ စိုးရိမ်မှုများ နှင့် မကျေနပ်ချက်များကို လုံခြုံစွာ သတင်းပို့နိုင်

၆ ညှိနှိုင်းဆောင်ရွက်ထားသော နှင့် ဖြည့်စွက်ဆောင်ရွက်ထားသော အထောက်အပံ့များကို ရရှိနိုင်

၇ ကောင်းမွန်အောင် ပြင်ဆင်ထားသောသော အထောက်အပံ့ကို ရရှိနိုင်

၈ လေးစားမှု၊ ကျွမ်းကျင်မှုရှိပြီး၊ စီမံခန့်ခွဲထားသော ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများနှင့် ဆက်ဆံနိုင်

၉ အရင်းအမြစ်များကို ကျင့်ဝတ်နှင့်အညီ တာဝန်ယူ စီမံခန့်ခွဲမည်ဟု မျှော်လင့်နိုင်

# ကတိကဝတ်များနှင့် လိုအပ်ချက်များ

## ကတိကဝတ် ၁

ရပ်ရွာလူထုနှင့် ပြည်သူများသည် ၎င်းတို့ကို သက်ရောက်သော လုပ်ငန်းများနှင့် ဆုံးဖြတ်ချက်များတွင် ၎င်းတို့၏ ရပိုင်ခွင့်များကို အသုံးပြုနိုင်ပြီး ပါဝင်ဆောင်ရွက်နိုင်ခြင်း။

**လိုအပ်ချက်များ**

၁.၁ အဖွဲ့အစည်း၏ လုပ်ငန်းများတွင် လူမျိုးစုံပါဝင်မှု၊ တန်းတူညီမျှမှုနှင့် ပေါင်းစည်းပါဝင်မှုဆိုင်ရာ ထည့်သွင်းစဉ်းစားချက်များကို ထည့်သွင်းထားကြောင်း သေချာစေခြင်း၊ အထူးသဖြင့် ဖယ်ကြဉ်ခံရသူများကို အလေးထားခြင်း။

၁.၂ အဖွဲ့အစည်း၏ ကတိကဝတ်များ နှင့် တာဝန်များဆိုင်ရာ ၎င်းတို့၏ ရပိုင်ခွင့်များ အပါအဝင် သက်ဆိုင်ရာနှင့် အချိန်မီသော အချက်အလက်များကို ရပ်ရွာလူထုနှင့် ပြည်သူများထံ ပုံမှန် မျှဝေခြင်း။

၁.၃ ရပ်ရွာလူထုနှင့် ပြည်သူများအတွက် လွယ်ကူစွာ ရယူနိုင်သော၊ နားလည်နိုင်သော၊ လေးစားသောနှင့် အခြေအနေနှင့် လိုက်လျောညီထွေသော ဘာသာစကားနှင့် ပုံစံများဖြင့် ဆက်သွယ်ခြင်း။

၁.၄ ဆုံးဖြတ်ချက်များနှင့် လုပ်ငန်းများတွင် လူထု၏ ပါဝင်ဆောင်ရွက်မှုသည် ၎င်းတို့အတွက် အဓိပ္ပါယ်ရှိစေရန်နှင့် ၎င်းတို့နှစ်သက်သော ပါဝင်ပုံများနှင့် ကိုက်ညီကြောင်း သေချာစေခြင်း။

၁.၅ ရပ်ရွာလူထုနှင့် ပြည်သူများကို ကိုယ်စားပြုသော ဆက်သွယ်ပြောဆိုမှုများ (ထောက်ခံအားပေးမှုနှင့် ရန်ပုံငွေရှာဖွေမှုအတွက် အသုံးပြုသော ဆက်သွယ်ပြောဆိုမှုများ အပါအဝင်) သည် ၎င်းတို့၏ သိရှိပြီး သဘောတူခွင့်ပြုချက် ရရှိထားပြီး၊ မှန်ကန်၊ လေးစားမှုရှိ၊ ကိုယ်ကျင့်တရားနှင့် ညီညွတ်ကာ ၎င်းတို့၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းထားကြောင်း သေချာစေခြင်း။

၁.၆ ၎င်းတို့ကို သက်ရောက်သော လုပ်ငန်းများနှင့် ဆုံးဖြတ်ချက်များတွင် ရပ်ရွာလူထုနှင့် ပြည်သူများ၏ ပွင့်လင်းမြင်သာသော အချက်အလက်မျှဝေမှု၊ ဆက်သွယ်မှုနှင့် အဓိပ္ပါယ်ရှိသော ပါဝင်ဆောင်ရွက်မှုတို့ကို သေချာစေရန်အတွက် သဟဇာတဖြစ်သော အဖွဲ့အစည်းဆိုင်ရာ ချဉ်းကပ်ပုံတစ်ရပ်ကို တည်ထောင်ခြင်း။

# ကတိကဝတ်များ နှင့် လိုအပ်ချက်များ

## ကတိကဝတ် ၂

ရပ်ရွာလူထုနှင့် ပြည်သူများသည် ၎င်းတို့၏ သီးခြားလိုအပ်ချက်များ နှင့် ဦးစားပေးအချက်များနှင့်အညီ အချိန်မီပြီး ထိရောက်သော ပံ့ပိုး ကူညီမှုများကို ရရှိခြင်း။

### လိုအပ်ချက်များ

**၂.၁** ဒေသတွင်း အသိပညာ၊ စွမ်းဆောင်ရည်များနှင့် ရှိရင်းစွဲ လုပ်ငန်းများ ကို လေးစားပြီး ၎င်းတို့အပေါ် အခြေခံသည့် လုပ်ငန်းအစီအစဉ်များကို စီစဉ်ပြီး အကောင်အထည်ဖော်ခြင်း။

**၂.၂** လုပ်ငန်းအစီအစဉ်များနှင့် အဖွဲ့အစည်းမှ ပံ့ပိုးကူညီသူများ သို့မဟုတ် အဖွဲ့များကို သတ်မှတ်ရာတွင် တရားမျှတသော၊ ဘက်မလိုက်သော၊ ပွင့်လင်းမြင်သာသော စံနှုန်းများကို အသုံးပြုခြင်း။

**၂.၃** လုပ်ငန်းဆောင်ရွက်မှုများသည် အချိန်မီ၊ ရယူနိုင်သောနှင့် ရပ်ရွာလူထု နှင့် ပြည်သူများ၏ ဦးစားပေးလိုအပ်ချက်များကို ဖြေရှင်းပေးကြောင်း သေချာစေရန် လုပ်ငန်းအစီအစဉ်များကို ပုံမှန် စောင့်ကြည့်ပြီး ပြုပြင်ပြော င်းလဲခြင်း။

**၂.၄** အဖွဲ့အစည်း၏ ရပ်ရွာလူထုနှင့် ပြည်သူများနှင့်အတူ လုပ်ဆောင်သော လုပ်ငန်းများတွင် သက်ဆိုင်ရာ နည်းပညာပိုင်းဆိုင်ရာ စံနှုန်းများနှင့် အသိအမှတ်ပြုထားသော ကောင်းမွန်သည့် လုပ်ဆောင်မှုများကို အသုံးပြုခြင်း။

**၂.၅** မပြည့်မီသေးသော ဦးစားပေးလိုအပ်ချက်များကို ၎င်းတို့အား ဖြေရှင်း ပေးရန် နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်ရှိသော သက်ဆိုင်သူများထံ လွှဲပြောင်းပေးခြင်း။

**၂.၆** ပံ့ပိုးကူညီမှုသည် အခြေအနေနှင့် ယဉ်ကျေးမှုကို နားလည်မှုအပေါ် အခြေခံပြီး ရပ်ရွာလူထုနှင့် ပြည်သူများ ရင်ဆိုင်နေရသော ကွဲပြား သော စွမ်းဆောင်ရည်များ၊ ထိခိုက်လွယ်မှုများ၊ လိုအပ်ချက်များနှင့် အန္တရာယ်များအပေါ် အခြေခံကြောင်း သေချာစေရန် သဟဇာတဖြစ်သော အဖွဲ့အစည်းဆိုင်ရာ ချဉ်းကပ်ပုံတစ်ရပ်ကို တည်ထောင်ခြင်း၊ အထူးသဖြင့် ဖယ်ကြဉ်ခံရသူများကို အလေးထားခြင်း။

# ကတိကဝတ်များ နှင့် လိုအပ်ချက်များ

## ကတိကဝတ် ၃

ရပ်ရွာလူထုနှင့် ပြည်သူများသည် အလားအလာရှိသော အကျပ်အတည်းများ အတွက် ပိုမိုကောင်းမွန်စွာ ပြင်ဆင်ထားပြီး ပိုမို ခံနိုင်ရည်ရှိခြင်း။

**လိုအပ်ချက်များ**

၃.၁ ရပ်ရွာလူထုနှင့် ပြည်သူများ၏ ခံနိုင်ရည်ရှိမှုအား မြှင့်တင်ရန်အတွက် တရားဝင်နှင့် တရားမဝင် ရပ်ရွာခေါင်းဆောင်မှုနှင့် ဒေသတွင်း ဦးဆောင်သော ကြိုးပမ်းအားထုတ်မှုများကို ပံ့ပိုးခြင်း။

၃.၂ အလားအလာရှိသော အကျပ်အတည်းများ သို့မဟုတ် ဘေးအန္တရာယ်များ၏ အန္တရာယ်များကို ကြိုတင်မျှော်မှန်းနိုင်ရန်နှင့် လျှော့ချနိုင်ရန် ဒေသတွင်း စွမ်းဆောင်ရည်များကို ပံ့ပိုးခြင်း။

၃.၃ လူထု၏ဘဝ၊ အသက်မွေးဝမ်းကြောင်း၊ ဒေသစီးပွားရေးနှင့် ပတ်ဝန်းကျင်အပေါ် ရေရှည်အကျိုးသက်ရောက်မှုကောင်းများ ဖြစ်ပေါ်လာစေရန်အတွက် အထောက်အကူပြုသော လုပ်ငန်းအစီအစဉ်များကို စီစဉ်ပြီး အကောင်အထည်ဖော်ခြင်း။

၃.၄ ရပ်ရွာလူထုနှင့် ပြည်သူများအတူ လုပ်ငန်းစတင်ချိန်မှစ၍ အရင်းအမြစ်များကို ဒေသတွင်းမှ ပိုင်ဆိုင်မှုနှင့် ဆုံးဖြတ်ချက်ချမှုကို ပံ့ပိုးခြင်း။

၃.၅ ပံ့ပိုးကူညီမှုသည် ဒေသတွင်း ဦးဆောင်သော လုပ်ငန်းများနှင့် ဆုံးဖြတ်ချက်ချမှုများကို အားဖြည့်ပေးကြောင်း သေချာစေရန် သဟဇာတဖြစ်သော အဖွဲ့အစည်းဆိုင်ရာ ချဉ်းကပ်ပုံတစ်ရပ်ကို တည်ထောင်ခြင်း။

# ကတိကဝတ်များ နှင့် လိုအပ်ချက်များ

## ကတိကဝတ် ၄

ရပ်ရွာလူထုနှင့် ပြည်သူများသည် လူသားများ သို့မဟုတ် ပတ်ဝန်း
ကျင်ကို ထိခိုက်မှုမဖြစ်စေသော ပံ့ပိုးကူညီမှုများကို ရရှိခြင်း။

**လိုအပ်ချက်များ**

၄.၁ လုပ်ငန်းအစီအစဉ်များ၏ လူထုနှင့် ရပ်ရွာလူထုအပေါ် ဖြစ်ပေါ်လာနိုင်သော နှင့် တကယ်ဖြစ်ပေါ်နေသော ဆိုးကျိုးများကို ခွဲခြားသတ်မှတ်ခြ င်း၊ ကာကွယ်ခြင်း၊ လျှော့ချခြင်းနှင့် ဖြေရှင်းဆောင်ရွက်ခြင်း။

၄.၂ လုပ်ငန်းအစီအစဉ်များ၏ ပတ်ဝန်းကျင်အပေါ် ဖြစ်ပေါ်လာနိုင်သော နှင့် တကယ်ဖြစ်ပေါ်နေသော ဆိုးကျိုးများကို ခွဲခြားသတ်မှတ်ခြင်း၊ ကာကွယ်ခြင်း၊ လျှော့ချခြင်းနှင့် ဖြေရှင်းဆောင်ရွက်ခြင်း။

၄.၃ အချက်အလက်ကာကွယ်ရေးအတွက် အသိအမှတ်ပြုထားသော ကောင်းမွန်သည့် လုပ်ဆောင်မှုများနှင့်အညီ လူထုနှင့် ရပ်ရွာလူထု အတွက် အန္တရာယ်များကို အနည်းဆုံးဖြစ်စေရန်အတွက် အချက်အလက်နှင့် သတင်းအချက်အလက်များကို ဘေးကင်းစွာ၊ ကိုယ်ကျင့်တရားနှင့်အညီ၊ ထိရောက်စွာ စီမံခန့်ခွဲကြောင်း သေချာစေ ခြင်း။

၄.၄ အဖွဲ့အစည်းသည် လူထုနှင့် ရပ်ရွာလူထု၏ ဘေးကင်းလုံခြုံမှု၊ လုံခြုံရေး၊ ရပိုင်ခွင့်နှင့် ဂုဏ်သိက္ခာကို ကာကွယ်သည့် နည်းလမ်းများ ဖြင့် လုပ်ဆောင်ကြောင်းနှင့် ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများမှ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု၊ အလွဲသုံးစားပြုမှုနှင့် နှောင့်ယှက်မှု အပါအဝင် အမြတ်ထုတ်မှုနှင့် အလွဲသုံးစားပြုမှု ပုံစံအားလုံးကို ကာ ကွယ်ကြောင်း သေချာစေရန် သဟဇာတဖြစ်သော အဖွဲ့အစည်းဆိုင်ရာ ချဉ်းကပ်ပုံတစ်ရပ်ကို အသိအမှတ်ပြုထားသော ကောင်းမွန်သည့် လုပ်ဆောင်မှုများနှင့်အညီ တည်ထောင်ခြင်း။

၄.၅ အဖွဲ့အစည်းနှင့် ၎င်း၏လုပ်ငန်း၏ ဆိုးကျိုးဖြစ်စေသော ပတ်ဝန်းကျင်ဆို င်ရာ သက်ရောက်မှုများကို အသိအမှတ်ပြုထားသော ကောင်းမွန်သ ည့် လုပ်ဆောင်မှုများနှင့်အညီ လျှော့ချရန်အတွက် သဟဇာတဖြစ်သော အဖွဲ့အစည်းဆိုင်ရာ ချဉ်းကပ်ပုံတစ်ရပ်ကို တည်ထောင်ခြင်း။

# ကတိကဝတ်များ နှင့် လိုအပ်ချက်များ

## ကတိကဝတ် ၅

ရပ်ရွာလူထုနှင့် ပြည်သူများသည် စိုးရိမ်ပူပန်မှုများနှင့် တိုင်ကြားချက်များကို ဘေးကင်းစွာ တင်ပြနိုင်ပြီး ဖြေရှင်းဆောင်ရွက်ပေးခြင်းကို ရရှိခြင်း။

**လိုအပ်ချက်များ**

၅.၁ ရပ်ရွာလူထုအတွင်းရှိ အဖွဲ့အစည်းအားလုံးအတွက် အကြံပြုတုံ့ပြန်ချက်ပေးရန်နှင့် စိုးရိမ်ပူပန်မှုများနှင့် တိုင်ကြားချက်များကို တင်ပြရန်အတွက် ဘေးကင်းသော၊ ရယူနိုင်သောနှင့် သင့်လျော်သော နည်းလမ်းများကို အသိအမှတ်ပြုထားသော ကောင်းမွန်သည့် လုပ်ဆောင်မှုများနှင့်အညီ စီစဉ်ပြီး အကောင်အထည်ဖော်ခြင်း။

၅.၂ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် အလွဲသုံးစားပြုမှု၊ နှောင့်ယှက်မှု အပါအဝင် အန္တရာယ်ဖြစ်စေသော အပြုအမူများကို ကာကွယ်ရန် ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ မည်သို့ပြုမူရန် မျှော်လင့်ထားသည်ကို လူထုနှင့် ရပ်ရွာလူထု နားလည်ကြောင်း ပုံမှန် စောင့်ကြည့်ခြင်း။

၅.၃ လူထု၊ ရပ်ရွာလူထုနှင့် အခြားသက်ဆိုင်သူများသည် စိုးရိမ်ပူပန်မှုများ နှင့် တိုင်ကြားချက်များကို မည်သို့တင်ပြရမည်၊ မည်သို့ဖြေရှင်းပေးမည်ကို နားလည်ကြောင်း ပုံမှန် စောင့်ကြည့်ခြင်း။

၅.၄ တိုင်ကြားချက်များကို အသိအမှတ်ပြုထားသော ကောင်းမွန်သည့် လုပ်ဆောင်မှုများနှင့်အညီ စီမံခန့်ခွဲခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ဖြေရှင်းဆောင်ရွက်ခြင်း သို့မဟုတ် သင့်လျော်စွာ လွှဲပြောင်းပေးခြင်း။

၅.၅ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု၊ အလွဲသုံးစားပြုမှုနှင့် နှောင့်ယှက်မှု အပါအဝင် မည်သည့် မတော်မတရားပြုမူမှုကိုမဆို စုံစမ်းစစ်ဆေးရန်နှင့် ဖြေရှင်းဆောင်ရွက်ရန်အတွက် သင့်လျော်သော သားကောင်/ ရှင်သန်သူ ဗဟိုပြု ချဉ်းကပ်ပုံများကို အသုံးပြုခြင်း။

၅.၆ မည်သည့် စိုးရိမ်ပူပန်မှုများနှင့် တိုင်ကြားချက်များကိုမဆို ကြိုဆိုပြီး အချိန်မီနှင့် သင့်လျော်သော နည်းလမ်းဖြင့် ဆောင်ရွက်ပေးကြောင်း သေချာစေရန် သဟဇာတဖြစ်သော အဖွဲ့အစည်းဆိုင်ရာ ချဉ်းကပ်ပုံ တစ်ရပ်ကို တည်ထောင်ခြင်း။

# ကတိကဝတ်များ နှင့် လိုအပ်ချက်များ

## ကတိကဝတ် ၆

ရပ်ရွာလူထုနှင့် ပြည်သူများသည် ညှိနှိုင်းဆောင်ရွက်ထားပြီး ဖြည့်စွက်ပေးသော ပံ့ပိုးကူညီမှုများကို ရရှိခြင်း။

**လိုအပ်ချက်များ**

**၆.၁** အဖွဲ့အစည်း၏ လုပ်ငန်းသည် ဒေသတွင်း ဦးဆောင်သောနှင့် ရပ်ရွာအခြေပြု လုပ်ငန်းများနှင့် သက်ဆိုင်ရာ သက်ဆိုင်သူများ၏ လုပ်ငန်းများနှင့် ညှိနှိုင်းဆောင်ရွက်ထားကြောင်းနှင့် ဖြည့်စွက်ပေးကြောင်း သေချာစေခြင်း။

**၆.၂** လုပ်ငန်း၏ အဆင့်အားလုံးတွင် အရည်အသွေးနှင့် ရပ်ရွာလူထုနှင့် ပြည်သူများအပေါ် တာဝန်ခံယူမှုဆိုင်ရာ ကတိကဝတ်များကို မိတ်ဖက်များက အသုံးပြုရန် ပံ့ပိုးခြင်း။

**၆.၃** မိတ်ဖက်များအကြား ဆက်ဆံရေး၏ အရည်အသွေးနှင့် ထိရောက်မှုကို ပုံမှန် အကဲဖြတ်ခြင်းနှင့် လိုအပ်သည့်အခါ ပြုပြင်ပြောင်းလဲသည့် လုပ်ငန်းများ ဆောင်ရွက်ခြင်း။

**၆.၄** ပူးပေါင်းဆောင်ရွက်မှုနှင့် မိတ်ဖက်များ တည်ထောင်မှုသည် တန်းတူညီမျှ ဆုံးဖြတ်ချက်ချမှုနှင့် အရင်းအမြစ် မျှဝေမှုဆိုင်ရာ ကတိကဝတ်အပေါ် အခြေခံကြောင်းနှင့် မိတ်ဖက်တစ်ဦးစီ၏ ဝိသေသလက္ခဏာများ၊ အခန်းကဏ္ဍများနှင့် တာဝန်များကို လေးစားကြောင်း သေချာစေရန် သဟဇာတဖြစ်သော အဖွဲ့အစည်းဆိုင်ရာ ချဉ်းကပ်ပုံတစ်ရပ်ကို တည်ထောင်ခြင်း။

# ကတိကဝတ်များ နှင့် လိုအပ်ချက်များ

## ကတိကဝတ် ၇

ရပ်ရွာလူထုနှင့် ပြည်သူများသည် အကြံပြုတုံ့ပြန်ချက်နှင့် သင်ယူမှုအပေါ် အခြေခံ၍ စဉ်ဆက်မပြတ် လိုက်လျောညီထွေဖြစ်အောင် ပြုလုပ်ထားပြီး တိုးတက်ကောင်းမွန်သော ပံ့ပိုးကူညီမှုများကို ရရှိခြင်း။

**လိုအပ်ချက်များ**

၇.၁ အဖွဲ့အစည်းနှင့် ၎င်း၏လုပ်ငန်းနှင့်ပတ်သက်၍ လူထုနှင့် ရပ်ရွာလူထုထံမှ အကြံပြုတုံ့ပြန်ချက်နှင့် ထည့်သွင်းချက်များကို ပုံမှန် နားထောင်ခြင်းနှင့် တုံ့ပြန်ခြင်း။

၇.၂ လူထုနှင့် ရပ်ရွာလူထု၏ လူမျိုးစုံပါဝင်မှုကို ထင်ဟပ်စေပြီး ၎င်းတို့အပေါ် တောင်းဆိုမှုများကို အနည်းဆုံးဖြစ်စေမည့် နည်းလမ်းများဖြင့် ဆုံးဖြတ်ချက်ချရန်အတွက် ကွဲပြားသော အချက်အလက်များကို စုဆောင်းခြင်း။

၇.၃ စောင့်ကြည့်လေ့လာမှု၊ အကြံပြုတုံ့ပြန်ချက်၊ တိုင်ကြားချက်နှင့် သင်ယူမှုတို့မှ အချက်အလက်များကို ဆုံးဖြတ်ချက်ချရန် လမ်းညွှန်ရန်နှင့် လုပ်ငန်းအစီအစဉ်များနှင့် အဖွဲ့အစည်း၏ လုပ်ဆောင်ပုံများကို မြှင့်တင်ရန်အတွက် အသုံးပြုခြင်း။

၇.၄ အကြံပြုတုံ့ပြန်ချက်နှင့် စောင့်ကြည့်လေ့လာမှုတို့မှ ခွဲခြမ်းစိတ်ဖြာချက်နှင့် သင်ယူမှုများနှင့် ဆက်စပ်သော ပြောင်းလဲမှုများကို အဖွဲ့အစည်းမှ ပံ့ပိုးကူညီသော လူထုနှင့် ရပ်ရွာလူထု၊ သက်ဆိုင်သူများနှင့် မျှဝေခြင်း။

၇.၅ အရည်အသွေးနှင့် တာဝန်ခံယူမှုဆိုင်ရာ ကတိကဝတ်များကို ပိုမိုကောင်းမွန်စွာ ပြည့်မီစေရန်အတွက် လုပ်ငန်းများနှင့် လုပ်ဆောင်ပုံများကို စဉ်ဆက်မပြတ် သင်ယူခြင်းနှင့် မြှင့်တင်ရန်အတွက် သဟဇာတဖြစ်သော အဖွဲ့အစည်းဆိုင်ရာ ချဉ်းကပ်ပုံတစ်ရပ်ကို တည်ထောင်ခြင်း။

# ကတိကဝတ်များ နှင့် လိုအပ်ချက်များ

## ကတိကဝတ် ၈

ရပ်ရွာလူထုနှင့် ပြည်သူများသည် လေးစားမှုရှိသော၊ အရည်အချင်းပြည့်မီသော၊ စီမံခန့်ခွဲမှုကောင်းမွန်သော ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများနှင့် ဆက်ဆံဆောင်ရွက်ရခြင်း။

### လိုအပ်ချက်များ

၄၀

**၈.၁** ခေါင်းဆောင်မှု၊ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများသည် အရည်အသွေးနှင့် တာဝန်ခံယူမှုဆိုင်ရာ အဖွဲ့အစည်းဆိုင်ရာ ယဉ်ကျေးမှုကို မြှင့်တင်ပြီး သရုပ်ပြခြင်း။

**၈.၂** ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းအားလုံး၏ ဘေးကင်းမှု၊ လုံခြုံရေးနှင့် သုခချမ်းသာနှင့် ဂုဏ်သိက္ခာကို ကာကွယ်ရန် အစီအမံများ ပြုလုပ်၍ ဘေးကင်းပြီး ပေါင်းစည်းပါဝင်သော လုပ်ငန်းခွင်ပတ်ဝန်းကျင်ကို ထိန်းသိမ်းထားခြင်း။

**၈.၃** ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းအားလုံးသည် ၎င်းတို့၏ အခန်းကဏ္ဍများနှင့် တာဝန်များကို ထိရောက်စွာနှင့် တာဝန်ခံမှုရှိစွာ ထမ်းဆောင်ရန်အတွက် လိုအပ်သော ပံ့ပိုးမှု၊ ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်များ ရှိကြောင်း သေချာစေခြင်း။

**၈.၄** ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းအားလုံးသည် လူထုအပေါ် မည်သည့် အမြတ်ထုတ်မှု၊ အလွဲသုံးစားပြုမှု၊ နှောင့်ယှက်မှု သို့မဟုတ် ခွဲခြားဆက်ဆံမှု ပုံစံမျိုးမဆို သို့မဟုတ် အရင်းအမြစ်များကို မည်သည့်အလွဲသုံးစားပြုမှုမျိုးမဆို အနည်းဆုံး တားမြစ်ထားသော ကျင့်ဝတ်စည်းကမ်းကို နားလည်ပြီး လိုက်နာကြောင်း သေချာစေခြင်း။

**၈.၅** အစီရင်ခံသူများအတွက် သင့်လျော်သော ကာကွယ်မှုဖြင့် ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းအားလုံးအတွက် စိုးရိမ်ပူပန်မှုများ တင်ပြရန်နှင့် မတော်မတရားပြုမူမှုများကို အစီရင်ခံရန် ဘေးကင်းသော၊ လျှို့ဝှက်သော၊ ရယူနိုင်သော နည်းလမ်းများ ရှိကြောင်း သေချာစေခြင်း။

**၈.၆** အသိအမှတ်ပြုထားသော ကောင်းမွန်သည့် လုပ်ဆောင်မှုများနှင့်အညီ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းအားလုံး၏ မတော်မတရားပြုမူမှုကို ဖြေရှင်းရန်အတွက် အချိန်မီပြီး သင့်လျော်သော လုပ်ငန်းများ ဆောင်ရွက်ခြင်း။

**၈.၇** လူ့စွမ်းအားအရင်းအမြစ်များကို တရားမျှတသော၊ ခွဲခြားဆက်ဆံမှုမရှိသော၊ ပွင့်လင်းမြင်သာသော နည်းလမ်းဖြင့် ထိရောက်စွာ စီမံခန့်ခွဲကြောင်း၊ အသိအမှတ်ပြုထားသော ကောင်းမွန်သည့် လုပ်ဆောင်မှုများနှင့်အညီ ဖြစ်ကြောင်း သေချာစေရန် သဟဇာတဖြစ်သော အဖွဲ့အစည်းဆိုင်ရာ ချဉ်းကပ်ပုံတစ်ရပ်ကို တည်ထောင်ခြင်း။

# ကတိကဝတ်များ နှင့် လိုအပ်ချက်များ

## ကတိကဝတ် ၉

ရပ်ရွာလူထုနှင့် ပြည်သူများသည် အရင်းအမြစ်များကို ကိုယ်ကျင့်တရားအရနှင့် တာဝန်ယူမှုရှိစွာ စီမံခန့်ခွဲထား ခြင်းကို မျှော်လင့်နိုင်ခြင်း။

**လိုအပ်ချက်များ**

**၉.၁** အဖွဲ့အစည်း၏ ကတိကဝတ်များကို ပြည့်မီရန်အတွက် လုံလောက်သော စွမ်းဆောင်ရည်နှင့် အရင်းအမြစ်များ ရှိကြောင်း သေချာစေခြင်း။

**၉.၂** အသိအမှတ်ပြုထားသော ကောင်းမွန်သည့် လုပ်ဆောင်မှုများနှင့်အညီ ဘဏ္ဍာရေး အရင်းအမြစ်များကို တာဝန်ယူမှုရှိစွာ စီမံခန့်ခွဲခြင်း။

**၉.၃** ရန်ပုံငွေရှာဖွေခြင်း၊ အရင်းအမြစ် စုဆောင်းခြင်းနှင့် ရန်ပုံငွေ ခွဲဝေချထားမှုတို့သည် ကိုယ်ကျင့်တရားနှင့် ညီညွတ်ပြီး အဖွဲ့အစည်း၏ ကတိကဝတ်များနှင့် တန်ဖိုးများကို ထိခိုက်မှုမရှိကြောင်း သေချာစေ ခြင်း။

**၉.၄** အရင်းအမြစ်များကို ၎င်းတို့၏ ရည်ရွယ်ထားသော ရည်ရွယ်ချက်အတွက် စီမံခန့်ခွဲခြင်းနှင့် အသုံးပြုခြင်း၊ စွန့်ပစ်ပစ္စည်းများနှင့် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုကို အနည်းဆုံးဖြစ်အောင် လုပ်ဆောင်ခြင်း။

**၉.၅** အကျင့်ပျက်ခြစားမှု၊ လိမ်လည်မှု၊ အရင်းအမြစ်များကို အလွဲသုံးစားပြုမှုနှင့် အကျိုးစီးပွား ပဋိပက္ခများ အပါအဝင် အဖွဲ့အစည်း၏ အဆင့်အားလုံးတွင် အန္တရာယ်များကို ခွဲခြားသတ်မှတ်ခြင်း၊ ကာကွယ်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊ ၎င်းတို့ကို တွေ့ရှိပါက သင့်လျော်သော လုပ်ငန်းများ ဆောင်ရွက်ခြင်း။

**၉.၆** အရင်းအမြစ်များကို စွမ်းဆောင်ရည်ရှိစွာ၊ ထိရောက်စွာနှင့် ကိုယ်ကျင့်တရားနှင့်အညီ စီမံခန့်ခွဲကြောင်း သေချာစေရန် သဟဇာတဖြစ်သော အဖွဲ့အစည်းဆိုင်ရာ ချဉ်းကပ်ပုံတစ်ရပ်ကို တည်ထောင်ခြင်း။

# CHS ကို အသုံးပြုခြင်းဆိုင်ရာ ပြောဆိုချက်များ

အကျပ်အတည်းနှင့် ထိခိုက်ခံစားလွယ်သောအခြေအနေရှိ ရပ်ရွာလူထုနှင့် ပြည်သူများကို ကူညီနေသော မည်သည့်တစ်ဦးချင်း သို့မဟုတ် အဖွဲ့အစည်းမဆို CHS ကို အသုံးပြုရန်နှင့် လက်ခံကျင့်သုံးရန် တိုက်တွန်းထားပြီး "ကျွန်ုပ်တို့သည် CHS ကို အသုံးချရန် လုပ်ဆောင်နေပါသည်" ဟု ပြောဆိုနိုင်သည်။ စံသတ်မှတ်ချက်နှင့် ကိုက်ညီမှု သို့မဟုတ် လိုက်နာမှုဆိုင်ရာ အခြားအခိုင်အမာ ပြောဆိုချက်များကို အသိအမှတ်ပြုထားသော၊ ရည်ရွယ်ချက်ရှိရှိ စစ်ဆေးအတည်ပြုခြင်း လုပ်ငန်းစဉ်နှင့်အညီသာ ပြုလုပ်နိုင်သည်။

# ဝေါဟာရ အကျဉ်းချုပ်

CHS အတွက် အောက်ပါ ဖွင့်ဆိုချက်များ သက်ရောက်သည်–

**တာဝန်ခံယူမှု။** လုပ်ပိုင်ခွင့်ကို တာဝန်ယူမှုရှိစွာ အသုံးပြုခြင်း၊ မတူညီသော သက်ဆိုင်သူများ (အဓိကအားဖြင့် ထိုလုပ်ပိုင်ခွင့်ကို အသုံးပြုခြင်းကြောင့် သက်ရောက်သောသူများ) ကို ထည့်သွင်းစဉ်းစားခြင်းနှင့် ၎င်းတို့မှ တာဝန်ယူမှုရှိစေခြင်း လုပ်ငန်းစဉ်။ တာဝန်ခံယူမှုသည် CHS ၏ ကတိကဝတ် ၉ ချက်တွင် ဖော်ပြထားသည့်အတိုင်း ၎င်းတို့ကို သက်ရောက်သည့် ကိစ္စရပ်များဆိုင်ရာ ဆုံးဖြတ်ချက်များ၏ ဗဟိုတွင် လူထုနှင့် ရပ်ရွာလူထုကို ထားရှိခြင်းကို ဆိုလိုသည်။

**မတူကွဲပြားမှု။** ၎င်းတို့၏ ကိုယ်ပိုင်လက္ခဏာများ၊ နောက်ခံများ၊ အတွေ့အကြုံများ၊ ရှုထောင့်များနှင့် ဝိသေသလက္ခဏာများအရ လူများအကြား ကွဲပြားခြားနားမှုများ ရှိနေခြင်း။ ဤကွဲပြားခြားနားမှုများတွင် လူမျိုး၊ လူမျိုးစု၊ ကျား၊မ၊ အသက်၊ လိင်စိတ်ခံယူမှု၊ လူမှုစီးပွားအဆင့်အတန်း၊ စွမ်းဆောင်နိုင်မှု/မစွမ်းဆောင်နိုင်မှု၊ ဘာသာရေးယုံကြည်မှုများနှင့် ယဉ်ကျေးမှုနောက်ခံများကဲ့သို့သော အချက်များ ပါဝင်နိုင်သော်လည်း ၎င်းတို့နှင့်သာ ကန့်သတ်မထားပါ။

**သေချာစေခြင်း။** ကတိကဝတ်များ ဖြစ်မြောက်နေကြောင်း သေချာစေရန် အဖွဲ့အစည်းမှ ပြည်တွင်း ပြန်လည်သုံးသပ်မှု၊ ကြီးကြပ်မှုနှင့် ထိန်းချုပ်မှု အချို့ရှိရမည်ဟု ဆိုလိုသည်။

**သာတူညီမျှမှု။** တစ်ဦးချင်း သို့မဟုတ် အဖွဲ့များသည် ၎င်းတို့၏ သီးခြားလိုအပ်ချက်များနှင့်အညီ တရားမျှတစွာ ဆက်ဆံခံရသည့် အခြေအနေ။

**တည်ထောင်ထားသော သဟဇာတဖြစ်သော အဖွဲ့အစည်းဆိုင်ရာ ချဉ်းကပ်ပုံ။** ပန်းတိုင်များကို ဖြေရှင်းရန်အတွက် အဖွဲ့အစည်းအတွင်း လက်ခံကျင့်သုံးသော ပုံစံချထားပြီး စနစ်တကျရှိသော နည်းလမ်းများ၊ အကောင်းဆုံး လုပ်ဆောင်မှုများအပေါ် အခြေခံပြီး ၎င်း၏ လိုအပ်ချက်များနှင့် ကိုက်ညီစေရန် တစ်ဖွဲ့လုံးတွင် တစ်သမတ်တည်း လိုက်နာကျင့်သုံးခြင်း။

**ပေါင်းစည်းပါဝင်မှု။** ကွဲပြားသော နောက်ခံများနှင့် မတူညီသော ကိုယ်ပိုင်လက္ခဏာများရှိသည့် လူပုဂ္ဂိုလ်များ၏ အပြည့်အဝ ပါဝင်မှုကို လေးစား၊ တန်ဖိုးထားပြီး ပံ့ပိုးပေးသည့် ပတ်ဝန်းကျင်များနှင့် လုပ်ဆောင်မှုများကို ဖန်တီးရန် ရည်ရွယ်ချက်ရှိရှိနှင့် တက်ကြွစွာ ကြိုးပမ်းအားထုတ်မှု။

**အဖယ်ကြဉ်ခံရသူများ။** ၎င်းတို့၏ ကိုယ်ပိုင်လက္ခဏာများ၊ နောက်ခံများ၊ အတွေ့အကြုံများ၊ ရှုထောင့်များနှင့် ဝိသေသလက္ခဏာများကြောင့် ခွဲခြားဆက်ဆံခံရခြင်း သို့မဟုတ် ကြုံတွေ့ရနိုင်သည့် အန္တရာယ်ရှိသော မည်သည့်ပုဂ္ဂိုလ်မဆို။

**အဖွဲ့အစည်း။** CHS ကို အသုံးချရန်အတွက် အရင်းအမြစ်များနှင့် ကတိကဝတ် ရှိသော အဖွဲ့အစည်း သို့မဟုတ် တစ်ဦးချင်း။ ၎င်းတွင် ရပ်ရွာအခြေပြု အဆောက်အအုံ၊ အရပ်ဘက်လူ့အဖွဲ့အစည်း၊ ပရဟိတ သို့မဟုတ် အကျိုးအမြတ်မယူသော အဖွဲ့အစည်း၊ ပုဂ္ဂလိကကဏ္ဍ ကုမ္ပဏီ သို့မဟုတ် အာဏာပိုင်အဖွဲ့၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ ပူးပေါင်းအဖွဲ့များ သို့မဟုတ် ဒေသအဆင့်၊ နိုင်ငံအဆင့် သို့မဟုတ် နိုင်ငံတကာအဆင့်တွင် လုပ်ဆောင်နေသော အခြားအဖွဲ့အစည်းများ ပါဝင်သော်လည်း ၎င်းတို့နှင့်သာ ကန့်သတ်မထားပါ။

**ပါဝင်ဆောင်ရွက်မှု။** ၎င်းတို့ကို သက်ရောက်သော ဆုံးဖြတ်ချက်ချသည့် လုပ်ငန်းစဉ်အားလုံးတွင် လူထုနှင့် ရပ်ရွာလူထုကို တက်ကြွသော အခန်းကဏ္ဍမှ ပါဝင်ခွင့်ပြုသည့် လုပ်ငန်းစဉ်များနှင့် လှုပ်ရှားမှုများ။ အဓိပ္ပါယ်ရှိသော ပါဝင်ဆောင်ရွက်မှုတွင် အထိခိုက်လွယ်ဆုံးနှင့် အဖယ်ကြဉ်ခံရသူများ အပါအဝင် အဖွဲ့အစည်းအားလုံး ပါဝင်ပြီး လူထု၏ သီးခြားလိုအပ်ချက်များနှင့် နှစ်သက်မှုများအတိုင်း စီစဉ်ထားသည်။ ပါဝင်ဆောင်ရွက်မှုသည် စေတနာအလျောက် ဖြစ်သည်။

# အသုံးအနှုန်းများ

**ဘေးဒုက္ခနှင့် ထိခိုက်ခံစားလွယ်သောအခြေအနေရှိ ရပ်ရွာလူထုနှင့် ပြည်သူများ။** ဘေးအန္တရာယ်များ၊ ပဋိပက္ခများ၊ ဆင်းရဲမွဲတေမှု သို့မဟုတ် အခြားသော အကျပ်အတည်းများနှင့် စိန်ခေါ်မှုများကြောင့် ထိခိုက်ခံစားရသော လိုအပ်ချက်များ၊ ထိခိုက်လွယ်မှုများနှင့် စွမ်းဆောင်ရည်များ ကွဲပြားသော အမျိုးသမီးများ၊ အမျိုးသားများ၊ မိန်းကလေးများနှင့် ယောကျ်ားလေးများ အားလုံး။

**လုပ်ငန်းစဉ်။** သီးခြားတာဝန် သို့မဟုတ် ပန်းတိုင်တစ်ခုကို တစ်သမတ်တည်းနှင့် စွမ်းဆောင်ရည်ရှိစွာ ပြီးမြောက်စေရန်အတွက် လိုအပ်သော လုပ်ဆောင်ချက်များ၊ ကိရိယာများနှင့် အရင်းအမြစ်များ။ ၎င်းတို့သည် အဖွဲ့အစည်း၏ အရွယ်အစားနှင့် စွမ်းဆောင်ရည်ကဲ့သို့သော အခြေအနေနှင့် အချက်များ ပေါ် မူတည်၍ တရားဝင်မှု နည်းခြင်း သို့မဟုတ် များခြင်း ဖြစ်နိုင်သည်။

**အရည်အသွေး။** ပံ့ပိုးကူညီမှုသည် လူထုနှင့် ရပ်ရွာလူထု၏ သွယ်ဝိုက်သော သို့မဟုတ် ဖော်ပြထားသော လိုအပ်ချက်များနှင့် မျှော်လင့်ချက်များကို ပြည့်မီစေကြောင်းနှင့် လူထု၏ ဂုဏ်သိက္ခာကို လေးစားကြောင်း သေချာစေသည့် ဝိသေသလက္ခဏာများ အစုအဝေး။

**ခံနိုင်ရည်ရှိမှု။** ဘေးအန္တရာယ်များနှင့် ထိတွေ့နေရသော တစ်ဦးချင်း သို့မဟုတ် ရပ်ရွာလူထု၏ ဘေးအန္တရာယ်၏ သက်ရောက်မှုများမှ အချိန်မီပြီး စွမ်းဆောင်ရည်ရှိစွာ တွန်းလှန်နိုင်မှု၊ စုပ်ယူနိုင်မှု၊ လိုက်လျောညီထွေဖြစ်အောင် နေထိုင်နိုင်မှုနှင့် ပြန်လည်နာလန်ထူနိုင်မှု စွမ်းရည်။

**အရင်းအမြစ်များ။** အဖွဲ့အစည်းက ၎င်း၏ မစ်ရှင်ကို ပေးအပ်ရန် လိုအပ်သည့်အရာများ (သဘာဝ၊ လူ့စွမ်းအား၊ ဘဏ္ဍာရေး၊ အရင်းအနှီး၊ နည်းပညာနှင့် သတင်းအချက်အလက် အရင်းအမြစ်များ အပါအဝင်၊ သို့သော် ၎င်းတို့နှင့်သာ ကန့်သတ်မထားပါ)။

**ရပိုင်ခွင့်များ။** လူသားတို့၏ ဂုဏ်သိက္ခာဖြင့် အသက်ရှင်နေထိုင်ခွင့်၊ ပံ့ပိုးကူညီမှုနှင့် အကူအညီများ ရရှိပိုင်ခွင့်နှင့် ကာကွယ်စောင့်ရှောက်မှုနှင့် လုံခြုံရေးရရှိပိုင်ခွင့်၊ Humanitarian Charter တွင် ဖော်ပြထားသည့်အတိုင်း။

**ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ။** အုပ်ချုပ်ရေးနှင့် ခေါင်းဆောင်မှု၊ အမြဲတမ်း သို့မဟုတ် ရေတို ဝန်ထမ်းများနှင့် အကြံပေးများ အပါအဝင် အဖွဲ့အစည်းတစ်ခု၏ သတ်မှတ်ထားသော ကိုယ်စားလှယ် မည်သူမဆို။

**ပံ့ပိုးကူညီမှု။** အဖွဲ့အစည်းတစ်ခုက ပန်းတိုင်များ အောင်မြင်စေရန်၊ လိုအပ်ချက်များကို ဖြေရှင်းရန် သို့မဟုတ် စိန်ခေါ်မှုများကို ကျော်လွှားရန်အတွက် လူထုနှင့် ရပ်ရွာလူထုအား ပေးအပ်သော သို့မဟုတ် မျှဝေသော မည်သည့် လုပ်ငန်း သို့မဟုတ် လှုပ်ရှားမှုမဆို။

Core Humanitarian Standard

အရည်အသွေးနှင့် တာဝန်ခံယူမှုဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု အဓိက စံသတ်မှတ်ချက် (CHS) သည် အကျပ်အတည်းနှင့် ထိခိုက်ခံစားလွယ်သောအခြေအနေရှိ ရပ်ရွာလူထုနှင့် ပြည်သူများကို ၎င်းတို့၏ ရပိုင်ခွင့်များနှင့် ဂုဏ်သိက္ခာကို လေးစားသောနည်းလမ်းများဖြင့် ပံ့ပိုးကူညီရန်နှင့် ၎င်းတို့ရင်ဆိုင်နေရသော အကျပ်အတည်းများကို ဖြေရှင်းရာတွင် ၎င်းတို့၏ အဓိကအခန်းကဏ္ဍကို မြှင့်တင်ရန်အတွက် အဖွဲ့အစည်းများ လိုက်နာရမည့် ကတိကဝတ် ၉ ချက်ကို ချမှတ်ထားသည်။

chs@chsalliance.org
www.corehumanitarianstandard.org